# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၀)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၉–၁၂–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေး



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံများ၌ ဆန္ဒမဲများပေးကြသည်။

**ပါဝင်ဆန္ဒမဲပေး**

ထိုသို့ဆန္ဒမဲများပေးကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင် သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အား ဂုဏ်ပြုပါ၏။**

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂၉ ရက် ၊ တနင်္လာနေ့ ။
မန္တလေး နေ့စဉ်

## ရိုးသားဖြောင့်မတ်ခြင်းအကျိုးကျေးဇူးများ

လူတိုင်းအပေါ် ရိုးသားဖြူစင်စွာ ပြောဆိုဆက်ဆံတတ်သူသည် မိတ်ကောင်း ဆွေကောင်းပေါများသည်။ လူချစ်လူခင်ပေါများသည်။ အတွက်ထက် ပရကို ဦးစားပေးတတ်သူသည် အများ၏ ကြည်ညိုလေးစားခြင်းကို ခံရမည်ဖြစ်သည်။

ရိုးသားခြင်းသည် အပြစ်ကင်းသော ဂုဏ်ရည်တစ်ခုဖြစ်ပြီး လူ့ဘုံလောကတွင် အလိုအပ်ဆုံးသော ကိုယ်ကျင့်တရားလည်းဖြစ်သည်။ လူတိုင်းကို အခွန့်ရှည်ကြာစွာ ချစ်ခင်ပေါင်းသင်းလိုပါက ရိုးသားမှုအခြေခံကို ကိုင်စွဲရမည်ဖြစ်သည်။ ရိုးသားသူသည် စိတ်ထားဖြောင့်မတ်တည်ကြည်သူဖြစ်သည်။ ရိုးသားမှုသည် လူတိုင်းလူတိုင်းအတွက် အဓိကကျသည်မှာ မှန်သော်လည်း ရိုးသားနေရုံနှင့် လောကသည် ဖွံ့ဖြိုးလာမည်မဟုတ်။ လူ့လောက ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကောင်းသောအရာအားလုံးကို အမြဲတမ်းလိုလို မြင့်မြင့်ကြံစည် တွေးခေါ်၊ ဖွဲ၊ လုံ့လ၊ ဝီရိယထား လုပ်ဆောင်နေရမည်ဖြစ်သည်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူစင်သောနှလုံး၊ သူတော်ထုံးရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ရိုးသားခြင်းမှာ အလွန်သိမ်မွေ့သန့်စင်သည့် စိတ်ဓာတ်အရည်အချင်းကောင်းတစ်ရပ်လည်းဖြစ်သည်။ ရိုးသားခြင်းသည် ထုံခြင်း၊ ထိုင်းခြင်း၊ အခြင်း၊ နခြင်းမဟုတ်။ အမှန်ကိုမြတ်နိုးခြင်း၊ ကျင့်သုံးခြင်း၊ တည်ကြည်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ခြင်း၊ အမှားကို ဝန်ခံရဲခြင်းဟူသည့် အရည်အချင်းများ လွှမ်းခြုံပါဝင်လျက်ရှိသည်။ ရိုးသားသော စိတ်ထားရှိသူမှာ စိတ်၏အေးငြိမ်းမှုကို ခံစားရမည်လည်းဖြစ်သည်။ ပတ်ဝန်းကျင်လောကတစ်ခုလုံးကိုလည်း ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

လူတိုင်းတွင် အကျင့်နှင့်အကြံဟူ၍ရှိရာတွင် အကြံသည် ဦးစွာ ပေါ်လေ့ရှိသည်။ အကြံနောက်မှ အကျင့်က လိုက်ပါသည်။ စိတ်၏အကြံသည် အလုပ်၏ရှေ့ဆောင်ဖြစ်သည်။ အကြံကောင်းမှ အကျင့်ကောင်းမည်ဖြစ်ပြီး အကြံသည်အလွန်အရေးပါသည်။ မြင့်မြင့်ကြံခြင်းသည် စိတ်သတ္တိကို မြင့်မားစေသည်။ ထိုစိတ်သတ္တိကို ရိုးသားဖြောင့်မတ်မှုနှင့်ယှဉ်၍ လက်တွေ့ကျင့်သုံးပါက အထွတ်အထိပ်သို့ ရောက်မည်သာဖြစ်သည်။ စင်စစ်တွင် ရိုးသားဖြောင့်မတ်ခြင်းသည် မည်သည့်အခါမှ မရိုးသွားပါ။ လောကတွင် ဆန်းသောအရာများမှာ ပေါ်လာပြီးနောက် ရိုးသွားတတ်သည်။ ရိုးသားသောတရားမှာမူ ဘယ်သောအခါမှ မရိုး၊ ထာဝရလှနေသော အလှတရားပင်ဖြစ်သည်။ လောကတွင် အချို့အရာများသည် မိမိကိုယ်တိုင် ဆင်းရဲနေမှုကို ပျင်းရိစွာ ခံယူမနေဘဲ အခက်အခဲများကြားမှ အသိပညာ၊ အတတ်ပညာတို့ကို ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး အချိန်ကိုတန်ဖိုးထားခဲ့သူများပင် လူ့ဘောင်လောကတွင် အောင်မြင်နေသူ အများအပြားရှိနေသည်။ ရိုးသားမှုများစွာမှ ပျင်းရိသော အလေ့အထ စွဲသွားလျှင် ပြုပြင်ရန်ခက်ခဲသည်။ "သင်သည်သာ သင့်ဘဝရဲ့ ဖန်တီးရှင်ဖြစ်တယ်"ဟု ကမ္ဘာကျော်စာရေးဆရာ ရှိတ်စပီးယားက ဆိုထားသည်။ ထိုစကားအတိုင်း မိမိဘဝခရီးလမ်းအတွက် မိမိကိုယ်တိုင်သာ လျှောက်လှမ်းရမှာဖြစ်သည်။ သို့ဖြစ်ရာ ရိုးသားဖြောင့်မတ်ခြင်းအကျိုးသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာတွင် အထောက်အပံ့များစွာဖြစ်ထွန်းစေသဖြင့် လူတိုင်း လူတိုင်း မြင့်မြင့်ကြံပြီး ရိုးသားစွာနေထိုင်သွားလာလှုပ်ရှားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ဂန့်ဂေါမြို့ ဇမ္ဗူ့ထိပ်ခေါင် မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲ ကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၂၈**

ဂန့်ဂေါမြို့ ဇမ္ဗူ့ထိပ်ခေါင် ရန်မျိုးအောင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲကို ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့၍ အစဉ်အလာနှင့်အညီ ဆွမ်းတော်များ၊ ပန်းတော်များ၊ ရေချမ်းတော်များကို အများပေါင်းစု၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဝတ်အသင်းသူ၊ အသင်းသားများက ဒေသနာတော်များ ရွတ်ပွားပူဇော်ကြသည့်အပြင် ဒီဇင်ဘာ ၂၆ ရက်၌ ဆီမီးတစ်ထောင် ပူဇော်ပွဲကိုလည်း ကျင်းပခဲ့သည်။

အဆိုပါနေ့များတွင် ဘုရားဖူးလာကုသိုလ်ရှင်များအား နံနက်ပိုင်းတွင် စေတနာရှင် ဒေါ်ရှုခင်မိသားစုက အာဟာရဆန်ပြုတ်ကိုလည်းကောင်း၊ ညနေပိုင်းတွင် အများပေါင်းစုကောင်းမှုဖြင့် အာဟာရ မုန့်ဟင်းခါးကိုလည်းကောင်း ကျွေးမွေးကုသိုလ်ပြုကြကြောင်း သိရသည်။

(၃၈၈)

## မန္တလေးမြို့ မနောကြာဖြူ သွေးလှူရှင်နှင့် ပရဟိတအသင်းမှ (၉)ကြိမ်မြောက် ပြာသိုလပြည့် အမေများနေ့ ကျင်းပပြုလုပ်မည်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၃ လမ်းနှင့် ၁၁၇လမ်းထောင့်ရှိ မနောကြာဖြူသွေးလှူရှင်နှင့် ပရဟိတအသင်းနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များ စုပေါင်းလျက် ကိုးကြိမ်မြောက် ပြာသိုလပြည့် အမေများနေ့ အခမ်းအနားကို ဇန်နဝါရီလ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါ အသင်းရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါနေ့တွင် အသက် ၇၀ နှစ်အထက် နွမ်းပါးအမေအိုများ၊ မိခိုမဲ့ အသက် ၇၀ နှစ်အထက် နွမ်းပါးအမေအိုများ စုစုပေါင်း အယောက် ၅၀ အား ကန်တော့လှူဒါန်းသွား မည်ဖြစ်၍ တစ်ဦးလျှင် ပစ္စည်း ငါးမျိုးပါ ကန်တော့ပွဲတစ်ပွဲလျှင် တန်ဖိုး ၆၁၅၀၀ ကျပ် ကန်တော့ပွဲကို ကန်တော့လှူဒါန်းမည်ဖြစ်၍ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသူများအသင်းရုံး ၀၉- ၇၅၂၃၄၈ ၃၆၂၊ ဥက္ကဋ္ဌ ၀၉-၂၀၀၆၄၂၃၊ အတွင်းရေးမှူး ကိုစိုး(မနောကြာဖြူ) ၀၉-၄၃၀၉၉၆၆၀ များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀-၀

၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးသွားမည်ဖြစ်သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၂၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ အုတ်စက်ရပ်ကွက်၊ မွှောရုံအတွင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ရောင်းချပေးပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် နှစ်သစ်ကူး ရုံးပိတ်ရက်များအဖြစ် သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

မေးမြန်းဖြေကြားမှုအပြည့်အစုံမှာ-

မေး။ ။ ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကို ဘာသတင်းစကားများ ပါးချင်ပါသလဲ။

ဖြေ။ ။ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာ ကြည့်လိုက်ရင် သိလိမ့်မယ်။ နောက်ပြီး မဲပေးဖို့အတွက် ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေါ့။ အဲဒီမှာ ပါတီတွေရဲ့ လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင်လည်း တွေ့ပါလိမ့်မယ်။ ဒီနေ့ မဲပေးတဲ့အခါမှာလည်း မဲပေးပြီး ညနေကျရင်လည်း အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင် ပြောလို့ရတာပေါ့။ ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ အာမခံထားတယ်။ တပ်မတော်က လုပ်တာ နာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အကြီးအကျယ် နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလည်း အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လည်း မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့သူ၊ ကျွန်တော်သိပါတယ်။ တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေထိ ရောက်သွားတာပဲဖြစ်တယ်။ ဒါကြောင့် ပြီးတဲ့အချိန်ကျလို့ရှိရင် ကြည့်ပါလို့ ကျွန်တော်ပြောချင်တယ်။ ဒါပေမယ့် ဒီနေ့တစ်ကြိမ်၊ ပြီးရင်လာမယ့် ဇန်နဝါရီ ၁၁ ရက်မှာ တစ်ကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှာ တစ်ကြိမ် သုံးကြိမ်ပေးမယ်။ အဲဒီမှာကြည့်ပါ။ အဲဒါပြီးမှ ပြောပါလို့ပြောချင်ပါတယ်။ **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန္ဒမဲပေးပြီး လက်သန်းမင်တို့စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၃ မှ

မေး။ ။ ဗိုလ်ချုပ်မှူးကြီးရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။ ရွေးကောက်ပွဲအလွန် အခင်းအကျင်းမှာ ဘယ်လိုစဉ်းစားထားပါသလဲ။ သမ္မတလုပ်မှာလားခင်ဗျ။

ဖြေ။ ။ ကျွန်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံ့ဝန်ထမ်း။ ကျွန်တော်ဘာမှတော်ရုံတန်ရုံသွားပြီးတော့မှ လုပ်ချင်ပါတယ်။ ပြုချင်ပါတယ်လို့ သွားပြောလို့မရဘူး။ နိုင်ငံရေးပါတီခေါင်းဆောင်လည်းမဟုတ်ဘူး။ ပြီးတော့ လွှတ်တော်ခေါ်တဲ့အခါကျမှ လွှတ်တော်ကနေပြီး သမ္မတရွေးချယ်ရေးနဲ့ပတ်သက်တဲ့ Process တွေရှိပါတယ်။ အဲဒီကျမှ သူတို့လုပ်ပါလိမ့်မယ်။ အဲဒီကျမှသာ ကျွန်တော်တို့ ပြောဖို့သင့်မယ်လို့ ယူဆပါတယ်။

မေး။ ။ မဲပေးသင့်/မပေးသင့် တွေဝေနေတဲ့ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ပေးသင့်တာပေါ့။ ပါတီစုံဒီမိုကရေစီစနစ်လက်ခံတယ်လို့ပြောထားရင်ဒီမိုကရေစီရဲ့အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်။ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်။ ကြိုက်ရင်ကြိုက်မယ်။ မကြိုက်ရင်မကြိုက်ဘူး။ ကိုယ်မကြိုက်တဲ့လူကိုမပေးနဲ့ပေါ့၊ ကြိုက်တဲ့လူကိုပေးပေါ့။ အဲဒီအထဲမှာ Choice ဆိုတာရှိပါတယ်။ တချို့ပါတီတွေ၊ တချို့နေရာတွေကျလည်း Choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လည်း Choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး။ ရတာပဲ။ ဒါကပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမဲ့ မပေးဘူးဆိုလို့ရှိရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ကျွန်တော်ယူဆလို့ရတာပေါ့။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည်

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးတို့ ဆန္ဒမဲပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော် ဘူတာကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် ဒီဇယ် လျှပ်စစ်သုံး (DEMU)အစုန်ရထား ဘူတာရုံ၌ ဆိုက်ကပ်ထားရှိမှုနှင့် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာရုံ အတွင်းရှိ လူသွားစင်္ကြံအား အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ရထားဘူတာရုံ အတွင်း သန့်ရှင်းသာယာလှပမှု ရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေး၊ ရထားဝန်ထမ်းများနှင့် ခရီးသည်များ၏ သွားလာနေထိုင်မှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၄ မှ

ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာမဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ် (၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဆန္ဒမဲပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဆန္ဒမဲပေးစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့်အပိုင်း (၁) ရွေးကောက်ပွဲသို့လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။



ဂုဏ်ပြုညစာစားပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသည့် ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့သည် မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် အရေးကြီးသည့် မှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိမဲပေးပိုင်ခွင့်ကို အသုံးပြုပြီး ဆန္ဒထုတ်ဖော်ပြသနေကြသည့် ရွေးကောက်ပွဲအပိုင်း (၁) ပြီးဆုံးသည့်နေ့ပင်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းတစ်ခုတည်းအတွက် မဟုတ်ပါကြောင်း၊ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်မှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစသည့်ဒီမိုကရေစီ၏တန်ဖိုးများကို ပေါ်လွင်ထင်ဟပ်စေခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်းစဉ်တစ်လျှောက် ဘက်မလိုက်ဘဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် အဆွေတော်အားလုံးကို မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုများသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာစေရုံသာမက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံးအတွက် ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သူများ၊ နိုင်ငံရေးပါတီများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အဆွေတော်တို့ မျက်ဝါးထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီဟုလည်း ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော်တို့၏ကောင်းမွန်သည့်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာ မဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**



H.E Mr. Sholban Kara-Ool



Mr.Siarhei MIALESHKIN



Mr. Yerman Mukhtar



H.E. Mr. Mario Jose Armengol Campos

နံနက် ၆နာရီတွင် မဲရုံဖွင့်လှစ်မည်ဖြစ်သော်လည်း နံနက် ၅ နာရီဝန်းကျင်မှ စတင်ကာ မဲဆန္ဒရှင်ပြည်သူများသည် ဒီဇင်ဘာ၏ အအေးဒဏ်ကို အံတုရှ၍ တဖွဲဖွဲရောက်ရှိလာကြသည်။ ပြည်သူများသည် သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးရန် စိတ်အားထက်သန်စွာ တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်သည်နှင့် လွတ်လပ်စွာဆန္ဒမဲများ ပေးခဲ့ကြသည်။ မဲဆန္ဒရှင်ပြည်သူများ၏ အနာဂတ်အတွက် မျှော်မှန်းချက်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပြည့်ဝမှု (Voter Education)၊ မဲပေးစဉ်ကြုံတွေ့ရသည့် အခက်အခဲ၊ လွတ်လပ်စွာမဲပေးနိုင်မှုရှိ/မရှိ အခြေအနေတို့ကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မဲရုံများသို့ သွားရောက်၍ စောင့်ကြည့်လေ့လာဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထို့ပြင် မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံကာ ဆန္ဒမဲပေးရန် ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လွယ်ကူလျင်မြန်စွာ မဲပေးနိုင်မှုအပါအဝင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထိုသို့ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတကာနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၏ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုနှင့် ပတ်သက်၍ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**H.E Mr. Sholban Kara-Ool**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

မြန်မာနိုင်ငံက ရွေးကောက်ပွဲ ကျင်းပနေတာကို နိုင်ငံတကာ စောင့်ကြည့် လေ့လာသူအနေနဲ့ လာရောက် လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ ဆန္ဒမဲပေးဖို့ တန်းစီစောင့်ဆိုင်းပြီး မှန်ကန်တဲ့အစိုးရတစ်ရပ်ကို ရွေးချယ်နေတယ်၊ အနာဂတ်ကို ရွေးချယ်နေတယ်ဆိုတာ ကြည့်ရုံနဲ့သိရပါတယ်။ နိုင်ငံ့အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်လည်း လာရောက်စစ်ဆေးကြီးကြပ်နေတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူတွေရော နိုင်ငံ့ခေါင်းဆောင်တွေပါ ရွေးကောက်ပွဲကို စိတ်အားထက်သန်ကြတယ်ဆိုတာ တွေ့ရတယ်။ ပြည်သူတွေက သူတို့အတွက် ခေါင်းဆောင်၊ မှန်ကန်တဲ့အစိုးရကို လျှို့ဝှက်စွာဆန္ဒမဲပေးရွေးချယ်နေကြတယ်။

ဒီလိုဆန္ဒမဲပေးနိုင်အောင်လည်း စနစ်တကျစီစဉ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ရွေးကောက်ပွဲကို ဒီလိုပုံစံအတိုင်း ကျင်းပပါတယ်။ အခုလို ကျင်းပနိုင်ခြင်းက စစ်မှန်တဲ့အစိုးရတစ်ရပ် ထွက်ပေါ်လာမယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်မြင်ရတာ ဒီရွေးကောက်ပွဲမှာ ပါတီတွေ အများကြီး ဝင်ရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ ပါတီရဲ့ မူဝါဒတွေအပေါ်မှာ ပြည်သူတွေက နိုင်ငံအတွက် သင့်လျော်မယ့် ခေါင်းဆောင်ကို ဆုံးဖြတ်ရွေးချယ်နေကြတယ်။ ဒီစနစ်က ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် အင်မတန် ကောင်းမွန်တဲ့စနစ်ဖြစ်ပါတယ်။ ပြည်သူတွေက အခုလိုစိတ်အားထက်သန်စွာမဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်။ ရွေးကောက်ပွဲကို အောင်မြင်အောင် ပြုလုပ်နေတယ်။ နိုင်ငံ့အကြီးအကဲတွေကလည်း ဒီလိုအခြေအနေ ဖြစ်အောင် စိတ်အားထက်သန်စွာ ဖန်တီးပေးကြတယ်။ ရွေးကောက်ပွဲအလွန်မှာ လွှတ်တော်တွေ ပေါ်လာမယ်၊ အစိုးရအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ကြမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အစိုးရသစ်က ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**Mr.Siarhei MIALESHKIN**

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

**အမျိုးသားလွှတ်တော်**

**အမြဲတမ်းကောင်စီဝင်**

ဒီနေ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပနေတာကို လာရောက်လေ့လာတာဖြစ်ပါတယ်။ အခုလို လိုက်ပြီး စောင့်ကြည့်လေ့လာတဲ့အခါ မဲပေးဖို့လာတဲ့လူတွေက စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွရှိကြတယ်။ မဲပေးဖို့ စီစဉ်ထားတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်ကလည်း ဥပဒေနဲ့အညီ စနစ်တကျရှိတာကို တွေ့ရပါတယ်။ မဲပေးတဲ့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ မဲပေးနိုင်အောင်၊ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားတာလည်း တွေ့ရပါတယ်။ ပြည်သူတွေကလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဆန္ဒမဲပေးနေကြတာ တွေ့ရပါတယ်။

**Mr. Yerman Mukhtar**

**ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ဒီလိုရွေးကောက်ပွဲ ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်တယ်ဆိုတာ အရင်ဆုံးပြောကြားလိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကို စိတ်ဝင်စားကြတယ်။ လာရောက် မဲပေးတဲ့သူတွေထဲမှာ လူငယ်တွေ အများအပြားတွေ့ရပါတယ်။ ဒါကလည်း ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ မဲရုံတွေမှာ ပြည်သူတွေ အေးအေးချမ်းချမ်း မဲပေးလို့ရအောင် လုပ်ဆောင်ထားတာကိုတွေ့ရပြီး အီလက်ထရောနစ် မဲပေးစက်ကို အသုံးပြုပြီး မဲပေးကြတာကိုလည်း တွေ့ရပါတယ်။

**H.E. Mr. Mario Jose Armengol Campos**

**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး**

မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ ကျင်းပနေမှုကို အခုလိုလာရောက်လေ့လာခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ လေ့လာရတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေက စိတ်လက်အေးချမ်းစွာ၊ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးနိုင်တာတွေ့ရတယ်။ အီလက်ထရောနစ်မဲပေးစက် အသုံးပြုပြီး မဲပေးတဲ့စနစ်ကလည်း အင်မတန်ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကို အသုံးပြုခြင်းအားဖြင့် ပိုမိုလုံခြုံစွာ မဲပေးနိုင်ပြီး ရလဒ်တွေကိုလည်း လျင်လျင်မြန်မြန်ရေတွက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို အခုလို အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းက မြန်မာပြည်သူတွေအတွက် ကောင်းမွန်တဲ့အနာဂတ် ဖော်ဆောင်နိုင်မယ်လို့ ထင်မြင်ပါတယ်။

"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၁)အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၊ အပိုင်း (၂) အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း (၃) အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ အသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်းလိုက် အောင်မြင်စွာ ကျင်းပနေမှုများကို ပါဝင်စောင့်ကြည့် လေ့လာကြမည် ဖြစ်ကြောင်း သိရသည်။

**အင်တာဗျူး- သူရကျော်စွာ**

**ဓာတ်ပုံ- ဖိုးပြည့်စုံ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှု မြင်ကွင်း



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ငွေဇင်ယော်(ထားဝယ်)



ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ တင်ထွန်း(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ညောင်လေးပင်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ခင်မောင်လွင် (ညောင်လေးပင်)



ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ပြည်နယ်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ကယ်ရီမောင်

# ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင် ပါဝင်ဆန္ဒမဲပေး



ဟိုပုံး ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်မဲဆန္ဒနယ်များ၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအားလုံး သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးကြရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင်နှင့် ဇနီး၊ မိသားစုဝင်များနှင့်အတူ ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း မဲရုံအမှတ်(၃)၌ ပါဝင်ဆန္ဒမဲပေးကြသည်။ ဟိုပုံးမြို့နယ်၌ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိပြီး မဲရုံစုစုပေါင်း ၇၈ ရုံရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) စတင်ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ် ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး

မန္တလေး ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်း လွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျ ဖွင့်လှစ်ပေးခဲ့ရာ မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲ အပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ် စသည့် မြို့နယ် ရှစ်မြို့နယ်တို့ပါဝင်ပြီး အဆိုပါ မြို့နယ်ရှစ်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၀၀၀၀ ကျော်အတွက် မဲရုံပေါင်း ၁၂၄၂ ရုံကို စနစ်တကျ ဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် သုံးဦးတို့ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြကြောင်း သိရသည်။

တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက "အရင်ရက်တွေမှာတော့ ကြိုတင်မဲပေးတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျနဲ့ အောင်မြင်စွာ ဆောင်ရွက်ပြီးပါပြီ။ ဒီနေ့ ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ရွေးကောက်ပွဲ အပိုင်း(၂)ကိုလည်း သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မလွဲမသွေ ဖြတ်သန်းရတဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ နိုင်ငံသားအားလုံးအနေနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် အသည်းကြားက မဲတစ်ပြားကို သက်ဆိုင်ရာလွှတ်တော်များအလိုက်ပေးကြစေလိုပါတယ်။ ဒီလိုမဲပေးခြင်းဖြင့် တာဝန်ကျေတဲ့ နိုင်ငံသားတစ်ယောက်ဖြစ်အောင် ကြိုးပမ်းပေးကြစေလိုပါတယ်"ဟု ပြောသည်။



ဦးကျော်သန်းထွန်း



ဒေါ်ချောစုကြည်



ဦးမင်းဟန်ကျော်



ဒေါ်မော်မော်စန်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံမှူးတာဝန် ထမ်းဆောင်နေသည့် ဒေါ်ချောစုကြည်ကလည်း "ကျွန်မတို့မဲရုံကတော့ မဲရုံအမှတ်(၁) ဖြစ်ပါတယ်။ မဲရုံတာဝန်ကျသူ ၁၂ ဦး ရှိပါတယ်။ မဲရုံကြိုတင်မှုတွေအနေနဲ့ စက်ပိုင်းဆိုင်ရာ၊ မီးဘေး၊ လုံခြုံရေးအားလုံးကိုပြင်ဆင်ထားပါတယ်။ မဲပေးစက်အနေနဲ့လည်း လေးလုံး ပြင်ဆင်ထားပါတယ်။ ကျွန်မတို့မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၇၂ ဦးရှိပါတယ်။ ကြိုတင်မဲကတော့ ၆၁ ဦး ရှိပါတယ်။ ကျွန်မတို့မဲရုံမှာ ပြည်သူတွေ စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ထားတဲ့အတွက် မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ယခု ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်ဘေးရှိ ခလုတ်ကို နှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲလာရောက် ပေးသည့် အောင်မြေသာစံ မြို့နယ်မှ ဦးမင်းဟန်ကျော်က "အခုလို မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်။ အရင်ကလည်း မဲပေးခဲ့ဖူးပါတယ်။ အရင်ကထက်စာရင် အခုလို စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ပိုပြီးရှင်းလင်းလွယ်ကူ မြန်ဆန်ပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးတဲ့သူတွေ အခက်အခဲမရှိအောင် လိုအပ်တာတွေကိုလိုက်လံရှင်းလင်း ပြသပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့သူတွေကလည်း အရင်ကတည်းက သူတို့ဆောင်ရွက်ပေးမယ့် အရာတွေကို ပြည်သူလူထုသိရှိအောင် ပြောထားပြီးသားဖြစ်တဲ့အတွက် ပြောထားတဲ့အတိုင်း လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မဲလာရောက် ပေးသည့် ဒေါ်မော်မော်စန်းကလည်း "ဒီနေ့ မဲပေးရတာ အတော်ကိုအဆင်ပြေချောမွေ့ပါတယ်။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးပြီးပြီဆိုတော့ နိုင်ငံသားတစ်ယောက်တာဝန် ကျေပွန်သွားပြီလို့ ခံစားရတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ ပေးရတဲ့အပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိပါတယ်။ ကျွန်မရဲ့ အသက်(၅၅)နှစ်မှာ မဲထပ်ပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"ဟု ပြောသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ထားသည့် ညနေ ၄ နာရီတွင် မဲရုံများ ပိတ်သိမ်းပြီးနောက် မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့ အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။



မန္တလေးနေ့စဉ်-၉





❖ စာမျက်နှာ ၂၄ မှ

ယနေ့တွင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Alexei Bashan၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ



Mr. Yerman Mukhtar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်



အထက(၁၄)ရှိ မဲရုံအမှတ်(၁)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ရှိ မဲရုံအမှတ်(၂)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အထက (၁၃)ရှိ မဲရုံအမှတ်(၁)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက (၂၀)ရှိ မဲရုံအမှတ်(၁)၊ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမက(၁၄၀)ရှိ မဲရုံအမှတ်(၃)နှင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အထက(၃)ရှိ မဲရုံအမှတ်(၄)တို့၌ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြု၍ ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုကို လေ့လာစောင့်ကြည့်ကြပြီး မဲဆန္ဒရှင်များနှင့် မဲရုံမှူးများကိုတွေ့ဆုံ၍ ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**လေ့လာစောင့်ကြည့်**

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း ဦးဆောင်၍ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh၊ နီကာရာဂွါနိုင်ငံမှ Mr. Mario jose Armengol Campos၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ-ဂျပန်အသင်း (MJA) ကိုယ်စားလှယ်အဖွဲ့တို့ ပါဝင်သည့်နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့သွားရောက်၍ မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအား တွေ့ဆုံကာ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

ယခု ကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့် ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်းတွင် ယှဉ်ပြိုင်မည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၈

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်များအတွင်းဝင်ရောက်ကာ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများကိုဝင်ရောက် မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက်သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် စဉ့်ကူးမြို့အား ဒီဇင်ဘာ ၁၉ ရက်တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါစဉ့်ကူးမြို့နယ်အတွင်းအကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံ တိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုကြသည်။

အဆိုပါဒေသအတွင်း အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောင်းမဲ့ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် အဆိုပါ အကြမ်းဖက်သမားများကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

## တိုင်းပြည်အနာဂတ်လမ်းဖြောင့်ဖြူးစေမည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ကျင်းပခဲ့ပြီး နိုင်ငံသားတစ်ဦးတာဝန်ကို ကျေပွန်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-









ကျွန်မက ပထမဆုံးမဲပေးတာဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ အလွန်ကျေနပ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်သွားပြီလို့လည်း ခံစားမိပါတယ်။ ကျွန်မတို့လူငယ်တွေအတွက် အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ဘယ်သူပဲရရပေါ့။ နိုင်ငံအတွက်ကိုလည်း အများကြီးအကျိုးပြုမယ့်လူကို မျှော်လင့်မိပါတယ်။

ကျွန်မက ပျဉ်းမနားမြို့က လာပြီးမဲပေးတာပါ။ ပထမဆုံးမဲပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မလိုပဲ မဲပေးပိုင်ခွင့်ရှိတဲ့လူငယ်တွေအားလုံး မဲလာပေးပါလို့ နှိုးဆော်အပ်ပါတယ်။

MEVM စက်နဲ့ပေးတဲ့အတွက်ကြောင့် ပိုပြီးတိကျတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို တစ်ခါတည်းနှိပ်လိုက်တာနဲ့ လွယ်လွယ်ကူကူ တိကျတဲ့အဖြေရပါတယ်။ အဲဒါကြောင့် လွယ်ကူတယ်လို့ ပြောတာပါ။

ကျွန်မက ဗမာဆိုတော့ သုံးမျိုးပဲပေးခဲ့ရပါတယ်။ ကျွန်မတို့တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကောင်းဆုံးပေးဆပ်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို မဲပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တာဝန်ကျေတယ်လို့ ခံစားရပါတယ်။

ကျွန်တော်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာမဲပေးတာ ပထမဆုံးအကြိမ်ပါ။ ဒီလိုမျိုး Privacy တွေလည်းရှိတော့ မဲပေးရတာ အဆင်ပြေပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့လူကို မဲပေးခဲ့ရလို့ ပျော်ပါတယ်။ ကျွန်တော်တို့မဲပေးပြီး ထွက်ပေါ်လာမယ့်အစိုးရက ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက်ရော၊ လူငယ်တွေအတွက်ရော ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေးမယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။

■

# နိုင်ငံတကာ အားကစား သတင်းများ

## ခရစ်တီယန်ဆန်အား စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း စိစဉ်

**ဘာစီလိုနာ ဒီဇင်ဘာ ၂၈**

ဘာစီလိုနာအသင်းသည် နောက်ခံကစားသမား ခရစ်တီယန်ဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ခရစ်တီယန်ဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

**(ခဲပုံ)(NGB)**

## ကိုင်လီဟာဗက်ဇ် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၈**

အာဆင်နယ်အသင်း ကွင်းလယ် တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်သည် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဩဂုတ်လကတည်းက ဒူးဒဏ်ရာကြောင့် အနားယူနေရပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အာဆင်နယ်အသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကိုင်လီဟာဗက်ဇ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ပွဲကစားပြီး ၂၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ)(NGB)**



## ဆာလာ လက်ရွေးစင်အသင်းကစားသမားဘဝတွင် သွင်းဂိုး ၆၅ဂိုးပြည့်မြောက်

**လန်ဒန် ဒီဇင်ဘာ ၂၈**

အီဂျစ်အသင်း တိုက်စစ်မှူး ဆာလာသည် လက်ရွေးစင်အသင်း ကစားသမားဘဝတွင် သွင်းဂိုး ၆၅ ဂိုး ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် အာဖရိကနိုင်ငံများဖလား အုပ်စုအဆင့်ပွဲစဉ်အဖြစ် အီဂျစ်အသင်းက တောင်အာဖရိကအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးကို သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၆၅ဂိုး ပြည့်မြောက်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် အီဂျစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၁မှ ၂၀၂၅အထိ ပြိုင်ပွဲပေါင်း ၁၁၁ပွဲကစားကာ ၆၅ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော့်အနေနဲ့ လက်ရွေးစင်အသင်းနဲ့အတူ နောက်ထပ်သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ ပြီးတော့ ယခုယှဉ်ပြိုင်နေတဲ့ အာဖရိကနိုင်ငံများဖလား ချန်ပီယံဆုကိုလည်း ဆွတ်ခူးနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ)(NGB)**





## 2026 Bank of China Hong Kong Open တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၅ ရက်တွင် စတင်မည်

**ဟောင်ကောင် ဒီဇင်ဘာ ၂၈**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bank of China Hong Kong Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၅ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Bank of China Hong Kong Open တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Bank of China Hong Kong Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Bank of China Hong Kong Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## ဒရာဂူဆင်ကို အငှားဖြင့်ခေါ်ယူရန် ရိုးမားအသင်းစီစဉ်

**တူရင် ဒီဇင်ဘာ ၂၈**

ရိုးမားအသင်းသည် စပါးအသင်း နောက်ခံကစားသမား ဒရာဂူဆင်ကို အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ခြေစွမ်းပြထားခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒရာဂူဆင်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ရိုးမားအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ဒရာဂူဆင်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### ဘောလုံးသတင်း အတိုအထွာများ

* မန်ယူအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကြယ်ပွင့်ကစားသမား ဘယ်လင်ဟမ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* စပါးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမားခေါ်ယူမှုအတွက် စတာလင်ပေါင် သန်း ၁၅၀အထိ အသုံးပြုသွားမည်ဖြစ်သည်။ (NGB)

## နည်းပြ ဂလက်စ်နာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာမည်

**လန်ဒန် ဒီဇင်ဘာ ၂၈**

နည်းပြ အိုလီဗာဂလပ်စ်နာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိ အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် စာချုပ်သက်တမ်းထပ်မံမတိုးတော့ဘဲ အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

နည်းပြ အိုလီဗာဂလပ်စ်နာသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၉၀တွင် ၄၁ ပွဲနိုင်၊ ၂၇ ပွဲသရေ၊ ၂၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

နည်းပြ အိုလီဗာဂလပ်စ်နာသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား ကလပ်သမိုင်းတွင် ပထမဆုံးဆုဖလားအဖြစ် ပြီးခဲ့သည့် မေလတုန်းက အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ရယူပေးထားနိုင်ခဲ့သည်။

**(အောက်ပုံ)**
**(NGB)**



## ဆစ်ဆာရစ်ချ်ကို ဆောင်းရာသီဈေးကွက်အတွင်း ဝုဖ်အသင်း ခေါ်ယူမည်

**လန်ဒန် ဒီဇင်ဘာ ၂၈**

ဝုဖ်အသင်းသည် လက်ရှိအချိန် ရလဒ်များ ဆိုးရွားလျက်ရှိနေပြီး တိုက်စစ်ပိုင်းအားဖြည့်တင်းရန်အတွက် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် နက်ရှ်ဗီးလ်အသင်းတိုက်စစ်မှူး ဆစ်ဆာရစ်ချ်ကို ခေါ်ယူသွားမည်ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နက်ရှ်ဗီးလ်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၅ခုနှစ်အတွင်း ၈၇ပွဲကစားကာ ၅၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး နက်ရှ်ဗီးလ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဝုဖ်အသင်းအနေဖြင့် နက်ရှ်ဗီးလ်အသင်းထံမှ ဆစ်ဆာရစ်ချ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၁၂-၂၀၂၅ တနင်္လာနေ့ | ညနေ၃း၃၀နာရီ | (၅)ISPE - ရာမည(၁၂)<br>(D,W,W,W,L) (L,L,D,L,L) | ———— |
| ။ | ညနေ၄း၀၀နာရီ | (၉)ရခိုင် - ရှေဝတီ(၇)<br>(L,W,W,L,W) (L,D,W,L,D) | ရခိုင် ၁-၁ ရှေဝတီ<br>ရှေဝတီ ၁-၂ ရခိုင် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃၀-၁၂-၂၀၂၅ နံနက် ၀၂း၁၅ နာရီ | (၄)ရိုးမား - ဂျီနိုအာ (၁၇)<br>(L,L,W,W,L) (W,L,W,L,L) | ရိုးမား ၃-၁ ဂျီနိုအာ<br>ဂျီနိုအာ ၁-၁ ရိုးမား |

### အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၉-၁၂-၂၀၂၅ တနင်္လာနေ့ | ည၁၀း၃၀နာရီ | B | အန်ဂိုလာ - အီဂျစ် | အန်ဂိုလာ ၂-၂ အီဂျစ် |
| ။ | ။ | B | ဇင်ဘာဘွေ - တောင်အာဖရိက | ဇင်ဘာဘွေ ၀-၀ တောင်အာဖရိက |
| ၃၀-၁၂-၂၀၂၅ အင်္ဂါနေ့ | နံနက်၀၀း၃၀နာရီ | A | ကိုမိုရို့စ် - မာလီ | ကိုမိုရို့စ် ၀-၃ မာလီ |
| ။ | ။ | A | ဇမ်ဘီယာ - မော်ရိုကို | ဇမ်ဘီယာ ၀-၂ မော်ရိုကို |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ်(၈)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ လိုက်လံကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံများ၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းက သတ်မှတ်မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏စည်းမျဉ်း၊ စည်းကမ်းများအတိုင်းလိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနေမှုများ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆန္ဒမဲများပေးပြီးနောက် လိုက်လံကြည့်ရှုခဲ့ကြသည်။

ယနေ့ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ် စုစုပေါင်း(၈)မြို့နယ်တို့ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း (၁၃၅၃၄၉၂)ဦးအတွက် မဲရုံပေါင်း(၁၂၄၂)ရုံကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေမှုကို သွားရောက်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်






**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ အရပ်သား နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသပေးနေမှုအား သွားရောက်ကြည့်ရှုပြီး အားပေးစကားများပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ကွက်များဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ယနေ့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်လျက် နှောင့်ယှက်ဖျက်ဆီးရာ ယနေ့ နံနက် ၁ နာရီ မိနစ် ၃၀ ခန့်မှ ၂ နာရီခန့်အထိ ရှော့တိုက်ဒုံး (၄)လုံးဖြင့် ပစ်ခတ်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအနီးသို့ (၃)လုံး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်အတွင်း လူနေအိမ်ပေါ်သို့ (၁)လုံး ကျရောက်ပေါက်ကွဲခဲ့သည်။

အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်အတွင်း ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လူနေအိမ် နှစ်လုံး ထိခိုက်ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်း နေထိုင်သူ အသက် (၃၂)နှစ်အရွယ် အမျိုးသား တစ်ဦးနှင့် ၎င်း၏ ဇနီး အသက်(၃၀)ရွယ် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



သတင်း-စာမျက်နှာ ၁၂






## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ စာဖတ်စွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**ရပ်စောက် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ စာဖတ်စွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က လွတ်လပ်ရေး၊ ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်/ပြန်ဆက်)

MANDALAY
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးမှ မြို့ရိုး၏ တောင်ဘက်နှင့် အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ်တစ်လျှောက်၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သတ်မှတ်နေရာမှစတင်၍ သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါးစုပေါင်း လမ်းလျှောက်ကြသည်။ ထို့နောက် စုရပ်နေရာ၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(၀၃၈)

# သံပရိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးဈေးနှုန်းမြင့်တက်လာသဖြင့် သံပရိုစိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ကျောက်ဆည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် သံပရို စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း လျက်ရှိပြီး ယခင်က နှစ်တင်းခွဲဝင် အိတ်တစ်လုံးလျှင် ငွေကျပ် သုံး သောင်းဖြင့် ရောင်းချရပြီး ယခု အခါ ငွေကျပ် ၅၅၀၀၀ ဖြင့် အသီးဈေးနှုန်းမြင့် တက်ရောင်း ချရသဖြင့် သံပရိုစိုက်ပျိုးရောင်းချ သူများ အဆင်ပြေလျက်ရှိကြောင်း သံပရို စိုက်ပျိုးရောင်းချသည့် တောင်သူတစ်ဦးထံမှ သိရသည်။

သံပရိုသီးနှံစိုက်ပျိုးမည်ဆိုပါက အပင်ခြား၊ အတန်းခြား ငါးပေမှ ရှစ်ပေအကွာ စိုက်ပျိုးမှသာ ကိုင်း ဖြာထွက်မှု ကောင်းစေခြင်းနှင့် လိုအပ်သည့်အချိန်များတွင် ဆေး ဖျန်းခြင်း၊ အာမိုမြေသြဇာကျွေး ခြင်း ရေတင်ပေးခြင်းနှင့် ပေါင်း မြက်နှင့် မလိုအပ်သည့်ကိုင်းများကို ရှင်းပေးခြင်းဖြင့် အပင်ကြီးထွား မှုနှင့် အသီးအထွက်နှုန်း ပိုမို ကောင်းမွန်ကြောင်း စိုက်ပျိုးသူ အများစုသည် စိုက်ပျိုးပြီး ရှစ်လ အရွယ်တွင် အပွင့်များ စတင်ပွင့် ပြီး တစ်နှစ်အကြာတွင် အသီးများ စတင် ခူးဆွတ်ရောင်းချရသည့် ကိုင်းကူးပျိုးပင်များ ပို၍စိုက်ပျိုး ကြသည်။



သံပရိုသီးသည် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ပြီး မြေနု ကျွန်းများနှင့် နုန်းမြေများတွင် ကောင်းစွာ ဖြစ်ထွန်းကြောင်းနှင့် အစိုဓာတ်မပြတ်ရေသွင်းပေးရပြီး အပင်အပြုအစုကောင်းပါက တစ် နှစ်ပတ်လုံး အဖူး၊ အပွင့်၊ အသီး များဖြင့် ပြည့်စုံပြီး နေ့စဉ် နီးပါး လက်လီခူးဆွတ်ရောင်းချနိုင် ကြောင်းနှင့် သံပရိုသီးတစ်ဧက စိုက်ပျိုးထားပါက ပွဲရုံသွင်းဈေး အနေဖြင့် သုံးတင်းခွဲဝင်အိတ်တစ် လုံးလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)



# ကုလားပဲသီးနှံ ၃၅၅၆ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ကျေးရွာ အုပ်စုပေါင်း ၈၇ အုပ်စုရှိပြီး ၂၀၂၅-၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်းကုလားပဲ သီးနှံ ၃၅၅၆ ဧက စိုက်ပျိုးပြီး ဖြစ်ကြောင်း မြို့နယ်မြေစာရင်း ဦးစီးဌာနမှ သိရသည်။

ဆောင်းကုလားပဲသီးနှံများ စိုက်ပျိုးရာ၌ တိုက်နယ်(၁)မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၌ ၂၆၇ ဧက၊ တိုက်နယ်(၂)မှ ကျေးရွာ အုပ်စု ငါးအုပ်စု၌ ၁၀၆၅ ဧက၊ တိုက်နယ်(၃)မှ ကျေးရွာအုပ်စု သုံးအုပ်စု၌ ၁၅၈ ဧက၊တိုက်နယ် (၄)မှ ကျေးရွာအုပ်စု ရှစ်အုပ်စု၌ ၂၈၅ ဧက၊ တိုက်နယ်(၆)မှ ကျေး ရွာအုပ်စု(၂)အုပ်စု၌ ၅၃ ဧက၊ တိုက်နယ်(၈)မှ ကျေးရွာအုပ်စု ငါးအုပ်စု၌ ၁၃၂ ဧက၊တိုက်နယ် (၉)မှ ကျေးအုပ်စု ငါးအုပ်စု၌ ၅၇၅ ဧက၊ တိုက်နယ်(၁၀)မှ ကျေး ရွာအုပ်စု ၆ အုပ်စု၌ ၇၁၀ ဧက၊ တိုက်နယ်(၁၁)မှ ကျေးရွာအုပ်စု သုံးအုပ်စု၌ ငါးဧက၊ တိုက်နယ် (၁၂)မှ ကျေးရွာအုပ်စုသုံးအုပ်စု၌ ၃၀၆ ဧက၊ စုစုပေါင်း ၃၅၅၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ဆောင်းကုလားပဲသီးနှံများ လှုပ်ထားချက်ပြည့်မီအောင် စိုက် ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်း ရေးအတွက် တောင်သူများနှင့် ပူးပေါင်း၍ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိသည့် အပြင် စိုက်နည်းစနစ်များ၊ အပင် ပြုစုခြင်းများ၊ ပိုးမွှားနှိမ်နင်းခြင်း များကို ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၅)

# ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အခြေခံပညာစာသင်ကျောင်း ကိုးကျောင်း ဆောက်လုပ်

**မင်းဘူး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ အခြေခံ ပညာဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အခြေခံ ပညာစာသင်ကျောင်းပေါင်း ကိုး ကျောင်းနှင့် ဝန်ထမ်းအိမ်ရာတစ် လုံးကို ဆောက်လုပ်လျက်ရှိ သည်။

မင်းဘူး(စကု)မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနိုင်ရေး၊ ပညာသင်နှစ် အလိုက် ကျောင်းသားဦးရေ နှစ်စဉ် တိုးတက်များပြားလာမှုနှင့်အတူ စာသင်ကျောင်းလိုအပ်ချက် ပြည့်စုံ စေရေးအတွက် ပညာရေးဝန်ကြီး ဌာန အခြေခံပညာဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စာသင်ကျောင်း ခြောက်ကျောင်း၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာ တစ် လုံးနှင့် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေ (GRF) Quick Win အစီအစဉ်ဖြင့် စာသင် ကျောင်း သုံးကျောင်းကို ဆောက် လုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောက်လုပ်ရာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် လက်ခုပ်ပင်ကျေးရွာ အ.လ.က တွင် ပေ ၉၀ ၊ ပေ ၃၀ ရှိ RC တစ်ထပ်ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၂၂၉ ဒသမ ၅၀ သန်း၊ ကုလားပါးကျေးရွာ အ.လ.ကတွင် ပေ ၉၀၊ ပေ ၃၀ ရှိ RC တစ်ထပ် ကျောင်း ဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၂၂၉ ဒသမ ၅၀ သန်း၊ မုန်တောင် ကျေးရွာ အ.ထ.ကတွင် ပေ ၁၁၀၊ ပေ ၃၀ ရှိ RC နှစ်ထပ် ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေ ကျပ် ၅၆၁ သန်း၊ ကိုင်းတောကြီး ကျေးရွာ အ.ထ.က(ခွဲ)တွင် ပေ ၁၂၀ ၊ ပေ ၃၀ ရှိ RC တစ်ထပ် ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေ ကျပ် ၃၀၆ သန်း၊ ရေပေါ်လေး ကျေးရွာ အ.ထ.က(ခွဲ)တွင် ပေ ၁၁၀၊ ပေ ၃၀ ရှိ RC နှစ်ထပ် ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေ ကျပ် ၅၆၁ သန်း၊ ထိန်တော ကျေးရွာ အ.လ.ကတွင် ပေ ၉၀၊ ပေ ၃၀ ရှိ RC တစ်ထပ် ကျောင်း ဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၂၂၉ ဒသမ ၅၀ သန်း၊ အ.လ.က (ခွဲ)ရေချိုတွင် ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာ ပေ ၆၀ ၊ ပေ ၃၀ ရှိ RC တစ်ထပ်ဝန်ထမ်း အိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ၁၅၆ ဒသမ ၆၀ သန်း၊ ထို့အတူ ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ (GRF) Quick Win အစီအစဉ်ဖြင့် ကျောက်စံကျေးရွာ အ.ထ.က တွင် ပေ ၉၀၊ ပေ ၃၀ ရှိ RC တစ်ထပ် ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၂၂၉ ဒသမ ၅၀ သန်း၊ မောင်းမကန်ကျေးရွာ အ.ထ.က(ခွဲ)တွင် ပေ ၁၂၀ ၊ ပေ ၃၀ ရှိ RC တစ်ထပ်ကျောင်း ဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၃၀၅ သန်း၊ ကြီးပင်ကန်-၁ကျေးရွာ အ.လ.က(ခွဲ)တွင် ပေ ၆၀၊ ပေ ၃၀ ရှိ RC တစ်ထပ်ကျောင်း ဆောင်သစ်ကို ခွင့်ပြုငွေကျပ် ၁၅၃ သန်းတို့ဖြင့် ဆောက်လုပ်လျက် ရှိကြောင်း သိရသည်။

(၅၀၀)



# ပူးစားပြောင်းစိုက်ခင်းများ ဈေးကောင်းရရှိနေ

**မြစ်သား ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းရှိ ကင်းစိန် ဈေးကျေးရွာအုပ်စု ကွင်းအမှတ် (၄၈၇)ကွင်း၌ ပူးစားပြောင်းစိုက် ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေသည်။

မြစ်သားမြို့နယ်တွင် ကျေးရွာ အုပ်စုပေါင်း (၉၂) အုပ်စုရှိပြီး ဒေသတွင်းစိုက်ပျိုးသည့် ပူးစား ပြောင်းအဖြစ် ထိုင်ဝမ်ပြောင်းချိုကို စိုက်ပျိုးကြကြောင်း၊ ပြောင်းကို နွေ၊ မိုး၊ ဆောင်း ရေတင်၍ စိုက်ပျိုးကြောင်း၊ လက်ရှိတွင် ပြောင်းဖူးတစ်ဖူးကြီးလျှင် ငွေကျပ် ၅၀၀-၇၀၀ ရောင်းချရကြောင်း သိရသည်။

ကင်းစိန်ဈေးကျေးရွာ အုပ်စု၌ ပူးစားပြောင်းစိုက်ခင်း များ အောင်မြင်ဖြစ်ထွန်းပြီး ဈေး ကောင်းရရှိကြောင်း ဒေသခံပူးစား ပြောင်းစိုက်တောင်သူတစ်ဦး ထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

သတင်း-စာမျက်နှာ ၁၂


UNION ELECTION COMMISSION
MYANMAR


UNION ELECTION COMMISSION
MYANMAR




UNION ELECTION COMMISSION
MYANMAR






မဲရုံ (၂)
မဲရုံ (၁)



# ဆီဆိုင်မြို့၌ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများ အသိပညာပေးဟောပြော



**ဆီဆိုင် ဒီဇင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကျား၊ မ အခြေပြုအကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးစန္ဒာလှိုင်က လူမှုဝန်ထမ်းဦးစီးဌာနမှ ကျား၊ မ အကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာအကြောင်းအရာများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၈)**

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ(စတုတ္ထပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ဦးဆောင်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (စတုတ္ထပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် ကျန်းမာသန်စွမ်းသည့်အရင်းအမြစ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၂၇ ရက် နံနက် ၅နာရီခွဲက ကျင်းပသည်။

အဆိုပါ လူထုအားကစားလ (စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲတွင် မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ အားကစားဝါသနာပါသူ လူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများက မြစ်သားမြို့ သံလမ်းဆုံ(မြို့ဝင်ဆိုင်းဘုတ်)မှ ရေဝန်း-မြင်းခြံကားလမ်းအတိုင်း တောမြောင်းပေါင်အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ထို့မှတစ်ဆင့် မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်းသို့ဝင်ရောက်၍ စုပေါင်းကိုယ်လက် လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား အကြော်၊ ကောက်ညှင်းပေါင်းတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

## လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပန်းလေပြေဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေပြု MSME ဖွံ့ဖြိုးရေး၊ အသက်အရွယ် အပိုင်းအခြားအလိုက်လူဦးရေများ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ စက်မှုဇုန်နှင့် စက်ရုံအလုပ်ရုံများ၊ MSME လုပ်ငန်းများဆောင်ရွက်မှု၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့်ကုန်စည်ဒိုင်တို့တွင် တွေ့ကြုံနေရသောစိန်ခေါ်မှုများ၊ ခရိုင်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအပေါ် လျှပ်စစ်ကဏ္ဍ၏ အထောက်အကူပြုမှုကိုလေ့လာခြင်း၊ ကျေးလက်နေလူမှုဘဝအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး၊ လက်ရှိမြေအသုံးချမှု၊ ရေရရှိမှုနှင့် ရာသီဥတုအခြေအနေပြောင်းလဲလာမှု၊ ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့် စုစုပေါင်းထုတ်ကုန်တွင်ပါဝင်မှု အခြေအနေကိုလေ့လာဆန်းစစ်ခြင်း စသည့်ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မြသန္တာ၊ ပါမောက္ခ ဌာနမှူးများနှင့် မိတ္ထီလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့်အဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၃)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့

## " ခေတ်မီမြို့တော် ကမ္ဘာကျော် "

* **မန္တလေးမြို့တော် သန့်ရှင်းရမည်။**
**မန္တလေးမြို့တော် သာယာလှပရမည်။**
**မြို့တော်နေလူထု စိတ်ချမ်းသာရမည်။**

* ရည်ရွယ်ချက်များ သုံးရပ်ထားကာ
မြို့တော်သန့်ရှင်း ရောဂါကင်း၍
မြို့တွင်း၊ မြို့ပြင် စိမ်းစိုလွင်ပြီး
သစ်ပင်ပန်းမန် ဥယျာဉ်ခြံတွေ
ဝန်းရံထားကြ မန်းမြို့ပြသည်
သာစွနေပြည် ဖွံ့ဖြိုးစည်လျက်
ခေတ်မီမြို့တော် ကမ္ဘာကျော်သည်။

* လူထုစွန့်ပစ် အမှိုက်ညစ်တွေ
ယာဉ်ဖြင့်သိမ်းဆည်း စွန့်ပစ်ပြီးလျှင်
ရေစီးရေလာ ကောင်းဖို့ရာတွက်
ဆယ်ကာရှင်းလင်း ခြင်၊ ယင်ကင်း၍
ခင်းကျင်းလမ်းများ ဆောက်တံတားနှင့်
ကစားကွင်းပြင် ဆင့်မြှင့်တင်သည်
စည်ပင်တိုးတက် မြို့ဂုဏ်တက်၏။

* သုံးဆယ့်သုံးနှစ် တကယ်ဖြစ်တည်
တွင်ရစ်မော်ကွန်း လပြည့်ဝန်းနှယ်
ဖြစ်ထွန်းအောင်မြင် လုပ်ငန်းစဉ်တို့
ပီပြင်ကျနစနစ်ကျလျက်
နေ့၊ ညမနား ဝန်ထမ်းများက
ကြိုးစားထမ်းရွက် မြို့တိုးတက်အောင်
တက်လက်ညီညီ လျှော်ခတ်မည်တည်း။ ။

**အောင်မျိုးမြတ်(မန္တလေး)**




## ကိုးပင် မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာကိုးပင် မူလတန်းကြိုကျောင်းမှ သမီးငယ်များက အာရှမြန်မာသီချင်းဖြင့် ဖျော်ဖြေဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူကျော်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သိမ့်သိမ့်က ကာယစွမ်းရည်ပြိုင်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မူလတန်းကြိုကျောင်း အကြီးတန်းနှင့် အငယ်တန်းတို့မှ သားငယ်၊ သမီးငယ်များက ပိန်ပေါင်ခြင်းထည့်၊ ချိုချဉ်ကိုက်၊ ဂုန်နီအိတ်စွပ်၊ ဖိနပ်စီး၊ ဆန်ကောရွက် စသည့် ကစားနည်းပြိုင်ပွဲတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ကိုးပင်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်တွင် မဲပေးစက်များထားရှိမှုအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သရက်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့်တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ကြစဉ်။ (ကဆ)

# မဲရုံများနှင့် မဲရုံအနီးဝန်းကျင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၊ ကြာဘက်ကုန်းကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ၌ မဲရုံနှင့်မဲရုံအနီးဝန်းကျင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြသခြင်းများကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မဲရုံမီးဘေးလုံခြုံရေးအတွက် မဲရုံနှင့်မဲရုံအနီးဝန်းကျင်ရှိ လူနေအိမ်များတွင် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးပြီး မီးဘေးလုံခြုံရေးဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးခြင်း၊ ကျေးရွာမီးဘေးလုံခြုံရေးအတွက် ကျေးရွာပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၇)**





# လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**မိုးညှင်း ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ ဝိုင်းမော်မြို့၊ ရပ်ကွက်(၄)နေ လာမြာလေး (၂၉)နှစ် မောင်းနှင်လာသည့် CROWN အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် လာမြာလေးအား မိုးညှင်းမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လွိုင်လင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များ၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဆီဆိုင် ဒီဇင်ဘာ ၂၈**

လွိုင်လင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များ၌ ဘိန်းစိုက်ခင်း ၂၃၄ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။



ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊ ထီကတူးကျေးရွာ၏အနောက်ဘက် တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်၊ ထီကတူးကျေးရွာ၏ အနောက်တောင်ဘက် နှစ်ဖာလုံခန့်အကွာ ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်၊ ထီကတူးကျေးရွာ၏ အနောက်တောင်ဘက် သုံးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်တို့အား လည်းကောင်း။

အလားတူ နံနက် ၇ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီခွဲအထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ ညာဗန်းကျေးရွာ၏ အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်နှင့် ညာဗန်းကျေးရွာ၏ အရှေ့တောင်ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်တို့အား လည်းကောင်း။

အလားတူ နံနက် ၈ နာရီ မိနစ် ၂၀မှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ စင်းတောင်းကျေးရွာအုပ်စု၊ ထီတာလီကျေးရွာ၏ အနောက်ဘက် ၃ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၇ ဧကခန့်နှင့် ပင်တလဲကျေးရွာ၏မြောက်ဘက် ၂ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်တို့အား လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီ ၄၀ မိနစ်အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာအုပ်စု၊ နောင်စုံကျေးရွာ၏အရှေ့မြောက်ဘက် ခုနစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၂ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၉ နာရီ မိနစ် ၅၀မှ မွန်းလွဲ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာအုပ်စု၊ နောင်အယ်ကျေးရွာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ရှစ်ဧကခန့်နှင့် နောင်အယ်ကျေးရွာ၏ အရှေ့ဘက် ခြောက်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်တို့အားလည်းကောင်း အသီးသီး ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိ

**ညောင်ရွှေ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၌ မော်တော်ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ပို့ကြီးကျေးရွာအနီး၊ တောင်လေးလုံး-ခေါင်တိုင်သွား ကားလမ်း မိုင်တိုင်အမှတ် ၁၀ ကီလိုမီတာနှင့် ၁၀ ဒသမ ၅ ကီလိုမီတာ အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ခေါင်တိုင်ကျေးရွာဘက်မှ တောင်လေးလုံးကျေးရွာဘက်သို့ ညောင်ရွှေမြို့နယ်၊ လွယ်ငြိမ့်ကျေးရွာနေ စိုးမင်းသူ (၄၂)နှစ် မောင်းနှင်လာသည့် YALANDA 110 မော်တော်ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောဘက်သို့ ရောက်ရှိကာ တောင်လေးလုံးကျေးရွာဘက်မှ ခေါင်တိုင်ကျေးရွာဘက်သို့ ညောင်ရွှေမြို့နယ်၊ တောင်ပို့ကြီးကျေးရွာနေ မနီနီလွင် (၃၀)နှစ် မောင်းနှင်လာသည့် TOYOMAX 110 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် စိုးမင်းသူနှင့် မနီနီလွင်တို့ နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် စိုးမင်းသူအား ညောင်ရွှေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် ဂိုဒေါင် တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၁၅ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK park နယ်မြေနှင့်ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးမှု။



KK Park နယ်မြေအပိုင်း(၃)တွင်တရားမဝင်ဆောက်လုပ်ထားသည့်နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။


KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



## ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များမှ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၅ ဖြင့် စားအုန်းဆီ ပိဿာ ၈၈၀ ရောင်းချပေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များမှ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၅ ဖြင့် စားအုန်းဆီပိဿာ ၈၈၀အား ရပ်ကွက်တစ်ရပ်ကွက်နှင့်ကျေးရွာ ၁၃ ရွာအား ယမန်နေ့ နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီလက်လီလက်ကား အရောင်းဆိုင်များဖြစ်သည့် ဒေါ်စန်းစန်းဌေး (နေလသုခ-၂)၊ ဦးနန်းဦး (နဒီရော)၊ ဦးအေးမင်းစိုး(အေးချမ်းသူ) ဆီအရောင်းဆိုင်မှကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်နှင့် ပေါင်လောင်ကြီး၊ အုန်းကြော၊ ရွာသာယာ၊ ဆင်ဖြူ ကျေးရွာများရှိ ပြည်သူများအား စုစုပေါင်း စားသုံးဆီ ပိဿာ ၈၈၀ ကို ရောင်းချပေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ရောင်းချပေးသည့် စားအုန်းဆီများကို (Resouries Group Trading Co;Ltd. မှ တစ်ပိဿာလျှင် ရည်ညွှန်းဈေး ငွေကျပ် ၆၁၁၅ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၅ ဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

(အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

## ရေတံခွန်တောင်ခြေ သစ္စာဝေဒဂူရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အရှင်ခေမာစာရ(မန်းရေတံခွန်)ရေးသားသော ဝိပဿနာပျို့ကဗျာစာအုပ်မိတ်ဆက်ပွဲ ပြုလုပ်မည်

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၈**


မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု ရေတံခွန်တောင်ခြေ သစ္စာဝေဒဂူ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ၌ သစ္စာဝေဒဂူရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် အရှင်ခေမာစာရ(မန်းရေတံခွန်)ရေးသားစပ်ဆိုအပ်သော ဝိပဿနာပျို့ကဗျာစာအုပ်စာပေမိတ်ဆက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲတွင် ဝိပဿနာပျို့ကဗျာစာအုပ်ကို ဗုဒ္ဓစာပေရှုထောင့်မှလည်းကောင်း၊ ကဗျာလင်္ကာရှုထောင့်မှလည်းကောင်း၊ ဝိပဿနာအဖြစ် ရှုထောင့်မှလည်းကောင်း စာရေးဆရာ၊ ကဗျာဆရာ ၁၀ ဦးတို့က ဝေဖန်သုံးသပ်တင်ပြမည်ဖြစ်၍ မြန်မာစာပေအဝန်းအဝိုင်းမှ စာပေမိတ်ဆွေ ဆရာ၊ ဆရာမများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(အောက်ပုံ) (၀၇၀)**




| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| အေစီမီလန် | ၃ - ၀ | ပီဇိုနာ | |
| ခရိုမိုနီ | ၀ - ၂ | နာပိုလီ | |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ဆန်းဒါးလန်း | ၁ - ၁ | လိဒ်စ် | |
| ပဲလေ့စ် | ၀ - ၁ | စပါး | |



## ခရမ်းချဉ်သီးများ ဈေးကောင်းရ၍ ထပ်မံစိုက်ပျိုးလာ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ စပါး၊ နှမ်း၊ မြေပဲ စသည့် ရာသီအလိုက် ကာလတို၊ ကာလရှည်သီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိရာ ခရမ်းချဉ်သီးများ ဈေးကောင်းရရှိနေသဖြင့် မိသားစုအပိုဝင်ငွေရရှိရန်အတွက် ကျောင်းကုန်းကျေးရွာနေ တောင်သူဒေါ်ကြည်အေး၏ ယာခင်းအတွင်း၌ ခရမ်းချဉ်ပင်များ ထပ်မံစိုက်ပျိုးထားသည်။

ခရမ်းချဉ်ပျိုးပင်များကို ကိုယ်တိုင်ပျိုးထောင်ထားကြောင်း၊ ခရမ်းချဉ်သီးများကို ကိုယ်တိုင်စိုက်ပျိုးရောင်းချသဖြင့် မီးဖိုဆောင်အသုံးစရိတ်ကိုပါ လျှော့ချနိုင်ကြောင်း၊ မိမိတို့ အိမ်ခြံဝင်းများအတွင်း၌လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့် သီးနှံဖြစ်ကြောင်း၊ မိမိယာခင်းအတွင်း ခရမ်းချဉ်ပင် ၁၂၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ နံနံပင်၊ သခွားမွေး၊ ငရုတ်၊ ချဉ်ပေါင်ပင်၊ ဖရုံ၊ ကြက်သွန်ဖြူ၊ မုန်ညင်းစိမ်း အစရှိသည့် သီးနှံများကိုပါ စိုက်ပျိုးထားကြောင်း၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေး နေ့စဉ်ယာခင်းအတွင်း ပေါင်းသင်ရှင်းလင်းခြင်း၊ မြေဆွပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ဈေးနှုန်းမြင့်တက်နေသော်လည်း မဖြစ်မနေ အသုံးပြုထားရသဖြင့် ယာသီးနှံများထွက်ရှိသည့်အခါတွင် ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ရန် မျှော်လင့်နေကြောင်း တောင်သူဒေါ်ကြည်အေးက ပြောသည်။

(အပေါ်ပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနေမှု နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၂၈

"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

## စောင့်ကြည့်လေ့လာ

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်းလိုက် အောင်မြင်စွာကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာကြမည်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ❖



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော်ကောင်စီနယ်မြေ မဲရုံများရှိ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြစဉ်။

# မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းသည့် (New Year) ညတွင် နှစ်သစ်ကူးပျော်ပွဲ ရွှင်ပွဲများနှင့်အတူ ဂီတဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်




မန္တလေး ဒီဇင်ဘာ ၂၈

နှစ်စဉ် အစဉ်အလာမပျက် ကျင်းပသည့် မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ နှစ်သစ်ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများနှင့်အတူ ဂီတဖျော်ဖြေပွဲကြီးကို ညနေ ၆ နာရီမှစတင်၍ ၆၆ လမ်းနှင့် ၂၆ လမ်း(ကျုံးထောင့်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နှစ်သစ်ကူးပွဲတော်ကို ၂၆ လမ်း၊ ၆၆ လမ်းနှင့် လမ်း ၇၀ ကြားတွင် စားသောက်ဆိုင်များ ခင်းကျင်းရောင်းချပေးမည်ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်လာပရိသတ်များ အဆင်ပြေစေရန် ၂၆ လမ်း၊ ၆၂ လမ်းမှ ၆၄ လမ်းတို့တွင်လည်းကောင်း၊ ၂၇ လမ်း၊ ၆၈ လမ်းမှ လမ်း ၇၀တို့တွင်လည်းကောင်း၊ ၆၈ လမ်း၊ ၂၇ လမ်းမှ ၂၉ လမ်းတို့တွင်လည်းကောင်း ဆိုင်ကယ်၊ ကားများ စနစ်တကျ အပ်နှံထားနိုင်ရန် စီစဉ်ထားမည်ဖြစ်သည်။

New Year ည နှစ်သစ်ကူးပွဲတော်ညတွင် နိုင်ငံကျော် သရုပ်ဆောင်များ၊ အဆိုတော်များ၊ မြူးကြွလှသည့် DJ၊ Dancer များဖြင့် ပရိသတ်များနှင့်အတူ နှစ်သစ်ကူးမီးရှူးမီးပန်းများကို ရင်သပ်ရှုမောဖွယ် ပစ်ဖောက်ကျင်းပသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ၊ မန္တလေးမြို့တော်သူ၊ မြို့တော်သားများ အနေဖြင့် ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။**ရွှေမန်း(မန္တလေးနေ့စဉ်)**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် (၄၅+၂)မိနစ်တွင် ယုယနိုင်၊ ပွဲချိန် မိနစ် ၆၀ တွင် နန်းမေသဇင်၊ ပွဲချိန် မိနစ် ၉၀ တွင် ရွှပါခိုင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ပွဲစဉ်တွင် AYA Pay Woman of the Match အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ ရွှပါခိုင်(ကျောနံပါတ်-၁၁)က ဆွတ်ခူးရရှိခဲ့သည်။ **(NGB)**